ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

# မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်၍ အမေရိကန်အစိုးရနှင့် အာဆီယံသို့ တင်ပြသည့်ကြေညာချက်

**ဝါရှင်တန်မြို့တော်တွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးပွဲမတိုင်မီ မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်၍ အမေရိကန်အစိုးရနှင့် အာဆီယံသို့ တင်ပြသည့်ကြေညာချက်**

ယမန်နှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပြီးချိန်မှစ၍ ယနေ့အထိ မြန်မာနိုင်ငံကို ပြဿနာပေါင်းများစွာထဲ ကျရောက်စေခဲ့သော မြန်မာစစ်အုပ်စုကို လာမည့်ဝါရှင်တန်ထိပ်သီးအစည်းအဝေးပွဲတွင် တိုးမြှင့်ဖိအားပေးရန် အရှေ့တောင်အာရှလွှတ်တော်အမတ်များက အမေရိကန်အစိုးရနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်းကို တိုက်တွန်းလိုက်ပါသည်။

အာဆီယံနှင့်အမေရိကန်အစိုးရ ခေါင်းဆောင်များသည် အာဆီယံနှင့်အမေရိကန်နိုင်ငံ ပြည်သူများ၏ နှစ်ဖက်အကျိုးကိုရှေးရှု၍ ဗျူဟာကျပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန် ရည်မှန်ထားသည်ဟု ကြေညာခဲ့သည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် ထိုရည်ရွယ်ချက်၍ အနှစ်သာရနှင့်အညီ အရှေ့တောင်အာရှဒေသ၏ ငြိမ်းချမ်းရေး ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၊ လူသားဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသော မူလပင်မအကြောင်းရင်းဖြစ်သည့် မြန်မာနိုင်ငံအကျပ်အတည်းကို ထိရောက်သော ဖြေရှင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ကျွန်ုပ်တို့ လူ့အခွင့်အရေးဆိုင်ရာအာဆီယံလွှတ်တော်အမတ်များအဖွဲ့ (APHR) က အကြံပြုတိုက်တွန်းပါသည်။

"အမေရိကန်-အာဆီယံ ဆက်ဆံရေး (၄၅) နှစ်မြောက် အခါသမယမှာ ပြည်သူတွေကို အမှန်တကယ်အကျိုးပြုပြီး မြန်မာနဲ့အခြားနိုင်ငံတွေမှာ လူ့အခွင့်အရေးနဲ့ အကြမ်းဖက်ရက်စက်မှုတွေ ကာကွယ်နိုင်ရေးကို ထိပ်တန်းဦးစားပေးအနေနဲ့ ဆောင်ရွက်မှုရှိတဲ့ အမေရိကန်နဲ့ အာဆီယံနိုင်ငံအစိုးရတွေကြား ဆက်ဆံရေးစာမျက်နှာသစ်တစ်ခု စတင်ဖွင့်လှစ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြစို့။ အရှေ့တောင်အာရှရဲ့ အလည်ဗဟိုမှာရှိတဲ့ ပြည်သူသန်းပေါင်းများစွာရဲ့ ဘဝလုံခြုံမှုအပေါ် မြန်မာစစ်အုပ်စုက ခြိမ်းခြောက်မှုပြုနေတဲ့ကိစ္စကို သူတို့အနေနဲ့ ဆက်ပြီးလစ်လျူရှုလို့ မရတော့ပါဘူး" ဟု APHR ၏ သဘာပတိ မလေးရှားလွှတ်တော်အမတ် ချားလ်စန်တီယေဂိုက ပြောသည်။

လက်ရှိအကျပ်အတည်းအားလုံးသည် ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်ထားသည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရအား ၂၀၂၁ ခုနှစ် ၊ ဖေဖော်ဝါရီလ ၊ (၁) ရက်နေ့တွင် ဖြုတ်ချခဲ့သည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော စစ်အုပ်စုတစ်ဖွဲ့တည်းကြောင့်သာ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံပြည်သူများသည် စစ်အာဏာသိမ်းမှုကို ရဲရင့်စွာ ဖီဆန်တွန်းလှန်နေလျက်ရှိပြီး စစ်တပ်သည် စစ်အုပ်ချုပ်မှု အသက်သွင်းနိုင်ရန် နေရာအနှံ့အပြားတွင် အကြမ်းဖက်ရက်စက်မှုများ ကျူးလွန်နေလျက်ရှိရာ ထိုကျူးလွန်မှုများ

သည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှု မြောက်နိုင်သည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီးရုံးက ဆိုသည်။

၂၀၂၁ ခုနှစ် ၊ ဧပြီလတွင် ချမှတ်ခဲ့ပြီး အမေရိကန်နိုင်ငံကပါ ထောက်ခံမှုပေးခဲ့သော မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အာဆီယံ၏ အချက် (၅) ချက်ပါ ဘုံသဘောတူညီမှုကို ပြီးခဲ့သော တစ်နှစ်တာကာလအတွင်း မြန်မာစစ်တပ်က လုံးဝလစ်လျူရှုထားခဲ့သည်။ အကြမ်းဖက်မှုများ မနားတမ်း ဆက်လက်ဖြစ်ပေါ်နေလျက်ရှိပြီး စစ်အုပ်စုနှင့် စစ်အုပ်ချုပ်ရေး ခုခံတွန်းလှန်နေသော အင်အားစုများကြား ဆွေးနွေးမှုများ ပြုလုပ်နေခြင်းလည်း မရှိသည့်အပြင် လူသားချင်းစာနာမှု အကူအညီများကိုလည်း မြန်မာပြည်သူများထံသို့ ရောက်ရှိအောင် ပို့ဆောင်နိုင်ခြင်း မရှိပါ။

၎င်းတို့ကိုယ်တိုင်လက်ခံခဲ့သော သဘောတူညီမှုကို လိုက်နာရန်ပျက်ကွက်သည့်အပေါ် တာဝန်ခံမှုရှိစေရေး မင်းအောင်လှိုင်နှင့် စစ်အုပ်စုအား ပူးတွဲအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် ဤအထူးထိပ်သီးအစည်းအဝေးက အကောင်းဆုံးအခွင့်အရေး တစ်ခုဖြစ်သည်။

“လူသားချင်းစာနာမှုဆိုတာ ပစိဖိတ်ဒေသနဲ့ ကမ္ဘာတစ်ဝှမ်းလုံးအတွက် ဘုံကြင်အင်လက္ခဏာ တစ်ရပ်ဖြစ်တယ်။ အာရှသားဖြစ်စေ ၊ အမေရိကန်သားဖြစ်စေ ကျုပ်တို့အားလုံးဟာ မြန်မာပြည်သူတွေအတွက် ထပ်တူစိုးရိမ်ပူပန်မှု ရှိသူတွေဖြစ်တာကြောင့်  ခုလို အကြမ်းဖက်ရက်စက်မှုတွေ ဖြစ်ပေါ်နေချိန်မှာ ကျွန်ုပ်တို့အနေနဲ့ အတူတကွ ရပ်တည်ကြရမှာဖြစ်တယ်။ အာဆီယံနဲ့ အမေရိကန်နိုင်ငံအနေနဲ့ သူတို့ရဲ့ သမိုင်းဝင်မဟာမိတ်စုဖွဲ့မှုကို အကူအညီ အပူတပြင်းလိုအပ်နေနဲ့ ပြည်သူတွေအတွက် အမှန်တကယ် အဓိပ္ပါယ်ပြည့်ဝတဲ့ ပူးပေါင်းမှုဆောင်ရွက်မှု ဖြစ်လာအောင် ဆောင်ရွက်ရမယ့် အချိန်ရောက်ပြီဖြစ်တယ်” ဟု APHR ရဲ့ ဘုတ်အဖွဲ့ဝင် အင်ဒိုနီးရှား လွှတ်တော်အမတ် မာစီဘာရန်းစ်က ပြောသည်။

အမေရိကန်နှင့် အာဆီယံအနေဖြင့် မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်ခြင်း ၊ မင်းအောင်လှိုင်နှင့် ၎င်း၏ဗိုလ်ချုပ်များကို အာဆီယံဒေသအတွင်း ခရီးသွားလာခွင့်ပိတ်ပင်ခြင်းနှင့် ၊ အာဏာသိမ်းမှုခေါင်းဆောင်များကို ပစ်မှတ်ထား ဒဏ်ခတ်အရေးယူမှုများပြုလုပ်ခြင်း အပါအဝင် လက်ရှိဆောင်ရွက်ချက်များထက် ပိုမိုခိုင်သော အစီအစဉ်များ ချမှတ်ရန် ကျွန်ုပ်တို့တိုက်တွန်းပါသည်။ အမေရိကန်နိုင်ငံသည် အာဏာသိမ်းမှု ဖြစ်ပေါ်ခဲ့ချိန်မှစ၍ ဒဏ်ခတ်အရေးယူမှုတစ်ချို့ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ သို့သော် ထပ်မံအားဖြည့်ဆောင်ရွက်သည့်အနေဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ကိုပါ ထည့်သွင်းအရေးယူမှုများ ပြုလုပ်သင့်သည်။ MOGE သည် စစ်အုပ်စုကို သဘာဝဓာတ်ငွေ့မှ ဒေါ်လာ (၁.၅) ဘီလီယံအထိ ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးခဲ့သော အစိုးရစီးပွားရေးလုပ်ငန်း တစ်ခုဖြစ်သည်။

ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်တင်မြောက်ထား အစိုးရကို ကိုယ်စားပြုထားပြီး လက်ရှိမြန်မာပြည်သူ အများစု၏ ထောက်ခံမှုကိုရရှိထားသော မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် လူသိရှင်ကြား တွေ့ဆုံမှုများပြုလုပ်ရန် အမေရိကန်နှင့်အာဆီယံနိုင်ငံ အစိုးရများကို ကျွန်ုပ်တို့တိုက်တွန်းပါသည်။

နောက်ဆုံးအနေဖြင့် အမေရိကန်နိုင်ငံနှင့် အာဆီယံတို့သည် မြန်မာပြည်သူများလိုအပ်နေသည့် သေရေးရှင်ရေးတမျှ အရေးကြီးလှသော လူသားချင်းစာနာမှုအကူအညီများကို အရေးပေါ်ပေးပို့နိုင်ရေး လက်တွဲဆောင်ရွက်ကြရန် ကျွန်ုပ်တို့တိုက်တွန်းပါသည်။ ထိုအကူအညီများကို လိုအပ်ချက်အကြီးမားဆုံးရှိနေသော ပြည်သူများထံသို့ ထိရောက်စွာပေးပို့နိုင်ရန် အတက်နိုင်ဆုံး လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ မှတစ်ဆင့်ပေးပို့သင့်သည်။ အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့်ထိုင်းနိုင်ငံအနေဖြင့် ဖိနှိပ်မှုများနှင့် အကြမ်းဖက်မှုများမှ လွတ်မြောက်ရန် ထွက်ပြေးလာသော မြန်မာပြည်သူများကို လက်ကမ်းကြိုဆိုကာ မိမိတို့နိုင်ငံတွင် ခိုလှုံခွင့်ပေးသင့်သည်။

လက်ရှိအကျပ်အတည်းကို ဖြေရှင်းရေး အမေရိကန်နှင့်အာဆီယံတို့၏ မူဝါဒရေးဆွဲရေးနှင့် အကောင်အထည် ဖော်ရေးလုပ်ငန်းများတွင်  APHR အနေဖြင့် ပါဝင်ကူညီရန် အမြဲတမ်းအသင့်ရှိနေပါသည်။ ထို့ပြင် အမေရိကန် အစိုးရနှင့်အာဆီယံတို့၏ ဆောင်ရွက်ချက်များက မြန်မာပြည်သူများ၏ မျှော်မှန်းချက်များဖြစ်သော လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးကို အထောက်အကူပြုမှုရှိအောင် ဆောင်ရွက်နိုင်ရေး APHR အနေဖြင့် ဆက်လက်စောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

…